# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမ ပုံမှန်အစည်းအဝေး

## ပထမနေ့ အစီအစဉ်

## [ ၁၇-၁၀-၂၀၁၇ ] (အင်္ဂါနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမ ပုံမှန်အစည်းအဝေး ပထမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခြင်း၊

၆။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေးနှင့် ဆဋ္ဌမပုံမှန် အစည်းအဝေးကြားကာလအတွင်း ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ ပြည်ပခရီးစဉ်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ချက်များအား ပြည်သူ့လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် မှတ်တမ်းတင်ခြင်း-

(က) ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းမြင့် ခေါင်းဆောင်သော မြန်မာ ကိုယ်စားလှယ်အဖွဲ့၏ ၄-၉-၂၀၁၇ မှ ၉-၉-၂၀၁၇ ရက်နေ့အထိ တရုတ် ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်ခဲ့သည့် ချစ်ကြည်ရေး ခရီးစဉ်၊

(ခ) ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၁၄-၉-၂၀၁၇ မှ ၂၀-၉-၂၀၁၇ ရက်နေ့အထိ ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပပြုလုပ်သည့် (၃၈)ကြိမ်မြောက် အာဆီယံ ပါလီမန်များ အထွေထွေညီလာခံ သို့ သွားရောက်ခဲ့သည့် ခရီးစဉ်၊

(ဂ) ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၁၄–၁၀–၂၀၁၇ မှ ၁၈–၁၀–၂၀၁၇ ရက်နေ့အထိ ရုရှားနိုင်ငံတွင် ကျင်းပပြုလုပ်သည့် (၁၃၇)ကြိမ်မြောက် **IPU** ညီလာခံသို့ သွားရောက်ခဲ့သည့် ခရီးစဉ်၊

(ဃ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးနိုင်၏ ၄–၉–၂၀၁၇ မှ ၈–၉–၂၀၁၇ ရက်နေ့အထိ ချက်သမ္မတနိုင်ငံသို့ သွားရောက်ခဲ့သည့် လေ့လာရေး ခရီးစဉ်၊

(င) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိုး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၁၀–၉–၂၀၁၇ မှ ၁၆–၉–၂၀၁၇ ရက်နေ့အထိ အင်ဒိုနီးရှားနိုင်ငံသို့ သွားရောက်ခဲ့သည့် လေ့လာရေး ခရီးစဉ်၊

(စ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မိုးနိုင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၁၆–၉–၂၀၁၇ မှ ၂၀–၉–၂၀၁၇ ရက်နေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်ခဲ့သည့် လေ့လာရေး ခရီးစဉ်၊

(ဆ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၂၇–၉–၂၀၁၇ မှ ၂၉–၉–၂၀၁၇ ရက်နေ့အထိ ထိုင်းနိုင်ငံ သို့ သွားရောက်ခဲ့သည့် လေ့လာရေး ခရီးစဉ်၊

(ဇ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဖြူဖြူသင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၂–၁၀–၂၀၁၇ မှ ၆–၁၀–၂၀၁၇ ရက်နေ့အထိ ဗီယက်နမ်နိုင်ငံသို့ **HIV/AIDS** ဆိုင်ရာ လေ့လာရေး သွားရောက်ခဲ့သည့် ခရီးစဉ်၊

(ဈ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဦးအောင်နိုင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၃–၁၀–၂၀၁၇ မှ ၅–၁၀–၂၀၁၇ ရက်နေ့အထိ အီတလီနိုင်ငံ၌ ကျင်းပပြုလုပ်သည့် **Danieli Innovation Meeting 2017** သို့ သွားရောက်ခဲ့သည့် ခရီးစဉ်၊

၇။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း–

(က) ဦးမြင့်ဦး၊ မကွေး မဲဆန္ဒနယ်၏ **မကွေးတိုင်းဆေးရုံကြီးတွင် လိုအပ်နေသော ကျောက်ကပ်စက်နှင့် ရေသန့်စက်ဖြည့်ဆည်းပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးရွှေလှ(ခ) ဦးရွှေလှဝင်း၊ သဃ်န်းကျွန်း မဲဆန္ဒနယ်၏ **တိုင်းဒေသကြီးနှင့် ပြည်နယ်ဘောလုံးပြိုင်ပွဲများကို ရန်ကုန်မြို့တွင် နှစ်စဉ် ပြန်လည်ကျင်းပရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဒေါက်တာဦးသန်းအောင်စိုး၊ မင်းလှ မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံတွင် အစားအသောက် စစ်ဆေးခြင်းအတွက် အယူခံဓာတ်ခွဲခန်း သတ်မှတ်ဖွင့်လှစ်ထားခြင်း ရှိ၊ မရှိနှင့် ပြည်ပမှ တင်သွင်းသော ဆေးများအတွက် တင်သွင်းခွင့်ရရန် ကြာမြင့်ချိန် လျှော့နည်းအောင် ဆောင်ရွက်ပေးနိုင်မှု၊ တရားဝင် တင်သွင်းသော ဆေးဝါးများ၏ စံချိန်စံညွှန်းနှင့် အာနိသင်လျော့နည်းခြင်းများ တွေ့ရှိပါက မည်သို့ အရေးယူခြင်း၊ ပြည်ပ ကုမ္ပဏီများကို တရားစွဲဆိုခြင်းများ ရှိ၊ မရှိကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးထွန်းဝေ၊ ဖောင်းပြင် မဲဆန္ဒနယ်၏ **ဖောင်းပြင်မြို့နယ်ရှိ သညစ်ကျန်းမာရေး ဌာနခွဲနှင့် မိုင်းချောင်း ကျန်းမာရေးဌာနခွဲ တို့အား ၂၀၁၇–၂၀၁၈ ဘဏ္ဍာနှစ်တွင် ကျန်းမာရေးဌာနများအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ၊ မရှိနှင့် ရွာတန်းရှည်၊ စန္ဒား၊ ကိုင်းပြင်၊ ကောက်စား၊ ကွမ်းတော၊ ဇီးကုန်း၊ မန်မော်၊ ပိုးစာကုန်း ကျေးရွာများမှ ပေးရန် အသင့်လျော်ဆုံး ကျေးရွာများကို စိစစ်၍ တစ်နှစ်လျှင် (၂)ရွာ သို့မဟုတ် (၃) ရွာကို ကျန်းမာရေးဌာနခွဲ များအဖြစ် ယခု ၂၀၁၇–၂၀၁၈ မှစ၍ နှစ်စဉ် Sanction ပေးသွားရန် အစီအစဉ်ရှိ၊ မရှိ** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဒေါ်နီနီမေမြင့်၊ တောင်ကုတ် မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံ အနှံ့အပြား၌ ဆေးရုံ၊ ဆေးခန်းနှင့်ဝေးသော ကျေးလက်ဒေသများတွင် မွေးဖွားလာရသော ကလေးသူငယ်များ မွေးစာရင်းမှန်ကန်၊ မြန်ဆန်စွာ ရရှိနိုင်ရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၈။ ဦးစိုင်းဦးခမ်း၊ သိန္နီ မဲဆန္ဒနယ်က **“ ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် မူကြိုပညာရေးဆိုင်ရာ မဟာဗျူဟာအစီအစဉ်များ ချမှတ်ဆောင်ရွက်ပေးပါရန် နိုင်ငံတော်အစိုးရသို့ တိုက်တွန်းကြောင်း ”** အဆို တင်သွင်းခြင်း နှင့်လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ် ရယူခြင်း။

၉။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၁၀။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက **“ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”** ကို တင်သွင်းခြင်း၊

၁၁။ **“ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”**နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊

၁၂။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက တင်သွင်းသည့် **“ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”**နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၁၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမ ပုံမှန်အစည်းအဝေး ပထမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။